




## Wisarra International Co., Ltd

## NEWSLETTER

### "နိဗ္ဗာန်ရည်မှန်း ဝါဆိုမြတ်သင်္ကန်း"

(မကွေး 1 – A တိုင်း ဝန်ထမ်းများ၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနား)

ဝိစာရကုမ္ပဏီ၏ မကွေး 1 – A တိုင်း ဝန်ထမ်းများစုပေါင်းဆက်ကပ်လှူဒါန်းသော ၂၀၂၄ - ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်း နှင့် အာဟာရဒါနလှူဒါန်းခြင်းအလှူတော်မင်္ဂလာကို ၁၃၈၆ခုနှစ်၊ ဝါခေါင်လဆန်း (၄)ရက် (၈ / ၈ / ၂၀၂၄) နေ့ (ကြာသပတေးနေ့) တွင် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ ငါးဆင့်ပရဟိတ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုအလှူတော်အခမ်းအနားကို မကွေး 1 – A တိုင်းမန်နေဂျာ ဦးဇေယျာဗိုလ်ဗိုလ်၊ တိုင်းအတွင်းရှိ ဇုန်များ၏ တာဝန်ခံများဖြစ်ကြသော ဦးလှမြင့်ခိုင်၊ ဦးသန်းဖြူကို၊ ဦးကောင်းဇော်ယ၊ ဦးဖြိုးဇော်ဟိန်း နှင့် တိုင်းအတွင်းရှိဝန်ထမ်းများ၊ တောင်တွင်းကြီးမြို့နယ်မှ ကိုယ်စားလှယ်များ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကြွရောက်ကြပါသည်။

အလှူတော်အခမ်းအနားတွင် ဝိစာရကုမ္ပဏီ၏ တိုင်းအတွင်းရှိဝန်ထမ်းများမှ ငါးဆင့်ကျောင်းတိုက် ဆရာတော်အား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထု နှင့် လှူဒါန်းဖွယ်ရာများ ဆက်ကပ်လှူဒါန်းခြင်း နှင့် ဆွမ်းအစရှိသော ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။

ထို့နောက် ဧည့်သည်တော်များအားဧည့်ခံကျွေးမွေးခြင်း၊ ငါးဆင့်ပရဟိတကျောင်းမှ ကလေးငယ်များအား နေ့လည်စာ ကျွေးမွေးခြင်း နှင့် ဝိစာရ၏တောင်တွင်းကြီးမြို့ကိုယ်စားလှယ် ဦးနိုင်ထွန်းအောင်မှ ကလေးငယ်များအတွက် ပဲနို့ နှင့် မုန့်မျိုးစုံအာဟာရဒါနပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။

ဤသို့ ဝါဆိုသင်္ကန်းကပ်အလှူမင်္ဂလာအတွက် "နတ်၊ လူ သာဓု ခေါ်ဆိုနိုင်ပါစေ"

"ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီမိသားစု"